
ဘာသာပြန်စာရေးဆရာ-ရှိန်ဇင်
ယန်နတ်ဘုရား

ယန်နတ်ဘုရား

ဘာသာပြန်သူ နေဇင်

အခန်း (၄၅၁)

*

"ဖြောင့်မတ်ခြင်းလမ်းစဉ်ရဲ့ ခေါင်းဆောင်..."

အစွမ်းထက် ရန်သူများ ဝိုင်းရံထားသည့် ကြားမှပင် ရှဲ့ဝန်ယွမ်၏ စကားကို ကြားပြီးနောက် ဟုန်ယွိသည် အတွေးနက်သွားခဲ့သည်။ အမှန်စင်စစ် ဤလောကတွင် လက်ညှိုးတစ်ချက်အချက်ပေးရုံဖြင့် လူပေါင်းရာချီကို စုစည်းနိုင်သည့် စစ်မှန်သော 'ဖြောင့်မတ်ခြင်းတာအို' ဂိုဏ်း ဟူ၍ မရှိသေးပေ။

တိုင်ရှန်တာအိုဂိုဏ်းသည် တရားဓမ္မ ဟောကြားခြင်း မရှိပေ။ ဂိုဏ်းချုပ် မုန့်ရှန်းကျီ သည် လောက၏ နံပါတ်တစ် ပညာရှင် ဖြစ် သော်လည်း သာမန်လူသားများအကြားတွင်မူ ဩဇာ လွှမ်းမိုးမှု သိပ်မရှိလှပေ။

အမှန်တရားတာအိုဂိုဏ်း၏ ဂိုဏ်းချုပ် ကျိချန် ယွဲ့မှာမူ လွန်ခဲ့သော အနှစ်နှစ်ဆယ်က ကျွမ်းယွင် တစ်ဦး ဖြစ်ခဲ့သည်။ သူသည် တာအိုဂိုဏ်းသို့ ဝင် ရောက်ပြီးနောက် နန်းတွင်းနှင့် လိုက်လျောညီထွေဖြစ်အောင် ဂိုဏ်းကို ပြုပြင် ပြောင်းလဲခဲ့ပြီး ကွန်ဖြူးရှပ်ဝါဒနှင့် တာအိုဝါဒကို ပေါင်းစည်းရန် ကြိုးပမ်းခဲ့သည်။ သို့သော် သူ သည် တော်ဝင်ဆွေမျိုးတစ်ဦး ဖြစ်နေသည်က တကြောင်း မည်သည့် ဂန္ထဝင်စာပေ သို့မဟုတ် သီအိုရီအသစ်ကိုမျှ မဖန်တီး နိုင်သည် က တကြောင်း ပညာရှင်များ၏ ချီးမွမ်းခြင်းကို

မခံခဲ့ရပေ။

'ဖန်ရှန်းတာအို' ဂိုဏ်းဆိုလျှင် ပိုဆိုးပေသည်။ ပညာရှင်များ၏ အမြင်တွင် သူတို့မှာ နန်းတွင်းနှင့် မှူးမတ်များ၏ မျက်နှာသာပေးမှုကို ရရန်အတွက် ဆေးလုံးဖော်စပ်ခြင်းနှင့် ကာမဂုဏ်ဆိုင်ရာကျင့်စဉ်များဖြင့်သာ အချိန်ဖြုန်းနေသူများအဖြစ်သာ သတ်မှတ်ခံရ သည်။

'အထွဋ်ထိပ်ကောင်းကင်နယ်မြေ' နှင့် အခြားဂိုဏ်းများမှာမူ ဟုန်ရွှန်ကျိ၏ အာဏာကို အမှီပြုနေကြသော်လည်း သူတို့တွင် ခိုင်မာသောအခြေခံအုတ်မြစ် မရှိကြသည့် 'ခေတ်သစ်သူဌေး' များသာ ဖြစ်ကြသည်။

ဟုန်ယွိသည် တာအိုဂိုဏ်းတစ်ခု တည်ထောင်ပြီး ဖြောင့်မတ်ခြင်းလမ်းစဉ်၏ ခေါင်းဆောင်ဖြစ်ရန် စိတ်မကူးခဲ့သော်လည်း ရှဲ့ဝန်ယွမ်၏ စကားက သူ့ကို တွေးတောစေခဲ့သည်။ လက်ရှိ

သူ၏ ‘ထိပ်တန်းပညာရှင်’ ဟူသောဘွဲ့နှင့် ‘သူတော်စင်တရာတို့၏ ကောင်းချီးပေး မှုကိုခံရသည့် သူတော်စင်ငယ်’ ဟူသော ဂုဏ်ပုဒ်မှာ အလွန်ပင် အလေးသာလှသည်။

ထို့ထက် ပိုအရေးကြီးသည်မှာ သူ၏ နောက်သို့ လိုက်ပါနေသော ချီလင်ပင် ဖြစ်သည်။ ၎င်းမှာ တိုင်းပြည်အတွက် နိမိတ်ကောင်းဖြစ်ပြီး သူတော်စင်တစ်ဦး ပေါ်ထွန်းခြင်း၏ လက္ခဏာ ဖြစ်သောကြောင့် သူ၏ ကျော်ကြားမှုကို အဆမတန် မြင့်တက်စေနိုင်သည်။

အမှန်စင်စစ် အရေးကြီးဆုံးအချက်မှာ ရှဲ့ဝန်ယွမ်သည် စာပေလောက၏ မဟာပညာရှင် တစ်ဦး ဖြစ်သလို တောင်ပိုင်း ကွန်ဖြူးရှပ်ဂိုဏ်းများ၏ နှစ်တစ်ရာကျော် ခေါင်းဆောင် ဖြစ်နေခြင်းပင်။ သူ၏ ဂုဏ်သတင်းမှာ အလွန်ကြီးမားပြီး တပည့်တပန်းများစွာ ရှိသည်။ အကယ်၍ သူ

သော ဟုန်ယွိကို ထောက်ခံပေးလျှင် ဖြောင့်မတ် ခြင်းလမ်းစဉ်၏ အရှိန်အဝါကို ချက်ချင်း ဖန်တီး နိုင်ပြီး တစ်လောကလုံးကို ဦးဆောင်နိုင်မည် ဖြစ်သည်။

ထို့အပြင် ဟုန်ယွိသည် ကောင်းကင်တာအို၏ နိယာမများကို အခြေခံ၍ လူသားတို့၏ လမ်းစဉ် ကို ရှင်းလင်းတင်ပြမည့် ‘ပြောင်းလဲခြင်း ကျမ်း’ကို ပြုစုရန် ရည်ရွယ်ထားသည်။ ဤမျှ ကြီးမားသော စီမံကိန်းကြီးကို တစ်ယောက်တည်း လုပ်၍ မရနိုင်ပေ။ ဟုန်ယွိ သည် မိုးကြိုးကပ်ဘေး ခုနစ်ကြိမ်ကို ကျော်ဖြတ် ပြီး ‘ဖန်ဆင်းရှင်’တစ်ဦး ဖြစ်လာလျှင်ပင် မဖြစ် နိုင်သေးပေ။

နက္ခတ္တဗေဒနှင့် လူသားဖြစ်တည်မှုမှာ အလွန်ကျယ်ပြောလှသည်။ ထိုနှစ်ခုကို ဆက်စပ် ရန် မှာ အလွန်ရှုပ်ထွေးလှရာ တစ်ဦးတည်း

မည်သို့ စီမံနိုင်ပါမည်နည်း။

ရှဲဝန်ယွမ်သည် အသိပညာ ကြွယ်ဝသူ ဖြစ်သည်။ သူ၏ လက်အောက်တွင် ပညာရှိများ စွာ ရှိသလို တသီးပုဂ္ဂလ ကျင့်ကြံနေသည့် မိတ်ဆွေများလည်း များစွာ ရှိသည်။ အကယ်၍ သူတို့အားလုံး စုပေါင်းပြီး ကျမ်းဂန်ကို တည်းဖြတ်ကြမည်ဆိုလျှင် ‘ပြောင်းလဲခြင်း ကျမ်း’ ကို အမှန်တကယ် ပြည့်စုံအောင် လုပ်နိုင် လိမ့်မည်။

ထိုအချိန်ကျမှ လောကသို့ ကြေညာမည် ‘ဤ ကျမ်းဂန်ကို လုံ့လစိုက်၍ ဖတ်ရှုလေ့လာသူ တိုင်း သည် မိမိ၏ အနှစ်သာရနှင့် စိတ်ဝိညာဉ်ကို စုစည်းနိုင်မည်၊ စွမ်းအားများကို မွေးမြူ သိုလှောင်နိုင်မည်ဖြစ်ပြီး သေခြင်းတရားကိုပင် ကျော်လွန်နိုင်မည်’ ဟူ၍ပင်။

ၚင်းမှာ ဟုန်ယွိ၏ ရည်မှန်းချက်နှင့်လည်း

ကိုက်ညီနေပေသည်။

အကယ်၍ ဟုန်ယွိသည် 'ပြောင်းလဲခြင်းကျမ်း' ကို အမှန်တကယ် ပြုစုနိုင်ပြီး ဤလောကရှိ ပညာရှင်အားလုံးကို စုစည်းနိုင်ခဲ့လျှင် သူသည် ဖြောင့်မတ်ခြင်းလမ်းစဉ်၏ ခေါင်းဆောင် ဖြစ်လာပေလိမ့်မည်။ ထိုအခါ သူ၏ ဂုဏ်သတင်းမှာ လက်ဖဝါး တစ်ချက်လှန်ရုံဖြင့် မိုးတိမ်ကို ခေါ်နိုင်၊ မိုးရွာစေနိုင်သည့် အစွမ်းမျိုး ရှိလာမည်။ သူ ကိုယ်တိုင် ဘာမှလုပ်ရန် မလိုဘဲ စာပေနှင့် စကားလုံးများဖြင့်ပင် ရန်သူကို သတ်ဖြတ်နိုင်သည့် အာဏာမျိုး ရရှိလာလိမ့်မည်။ ထို့ကြောင့် သူ အလွန် သတိထားရမည်။

မျက်မှောက်ခေတ်တွင် စာပေများကို ကြိုးစားလေ့လာပြီး ရှေးဟောင်း သူတော်စင်များ၏ လမ်းစဉ်ကို လိုက်နာကာ 'မူလစိတ်ဝိညာဉ်

အစစ်မှန်တာအို’ ကို ကျင့်ကြံနေကြသည့် ကွန်ဖြူးရှပ်ဝါဒီများစွာ ရှိကြောင်း သိထားရမည်။ သို့သော် သူတို့သည် သူတို့၏ နတ်ဘုရား ပညာရပ်များကို ထုတ်ဖော်ပြသခြင်း မရှိကြပေ။

ဤသူများသည်သာ စစ်မှန်သော ကွန်ဖြူးရှပ်ဝါဒီများ ဖြစ်ကြပြီး ရှေးဟောင်း သူတော်စင်များကို အတုယူကာ မိမိကိုယ်မိမိ ထုတ်ဖော်ကြွားဝါခြင်း မရှိကြသူများ ဖြစ်သည်။

ထို ‘စစ်မှန်သော တာအို’ ကို ကျင့်ကြံသူများသည် တစ်နေ့လုံး ငြိမ်သက်စွာ ထိုင်နေရင်း စိတ်၏ သဘာဝကို ဆင်ခြင်ကြသည်။ အနှောင့်အယှက်ပေးသော အတွေးများကို ဖယ်ရှား ကာ မူလစွမ်းအင်ကို ရှူရှိုက်ခြင်း၊ မူလစိတ်ဝိညာဉ်ကို စောင့်ထိန်းခြင်းနှင့် ခန္ဓာကိုယ်ကို ကြံ့ခိုင်အောင် လုပ်ခြင်းတို့သာ လုပ်ဆောင်ကြသည်။ သို့သော် လူအများစုမှာ သူတို့၏

ခန္ဓာကိုယ်ထဲမှ စိတ်ဝိညာဉ်ကို မထုတ်ဖော်ကြသလို နတ်ဘုရားစွမ်းရည်များ သို့မဟုတ် အောက်လမ်းအတတ်များကိုလည်း မကျင့်ကြံကြပေ။

ရှေးခေတ်ကာလတွင် ၎င်းမှာ 'စစ်မှန်သောတာအို' ဖြစ်သည်။ အောင်မြင်မှုအဆင့် အနည်း ငယ်ရရှိရုံဖြင့် မှော်ပညာရပ်များကို အသုံးပြုကာ အရာဝတ္ထုများကို ထိန်းချုပ်ပြီး မိမိကိုယ် ထုတ်ဖော်ပြသသူများကို မိစ္ဆာကျင့်ကြံသူများ အဖြစ် သတ်မှတ်ခဲ့ကြသည်။ သူတော်စင်များ ၏ စကားအရဆိုလျှင် "သေးနုပ်သော ပညာရပ်များကို ကျင့်သူတို့သည် ကြီးမြတ်သော အရာကို မ အောင်မြင်နိုင်" ဟု ဆိုရပေမည်။

ရှေးခေတ်က စစ်မှန်သောတာအိုကို ကျင့်ကြံသူများသည် တစ္ဆေအင်မော်တယ်အဆင့်သို့ ရောက်မှသာ နတ်ဘုရားပညာရပ်များကို

ထုတ်ဖော်ပြသခွင့် ရှိကြသည်။

သချောသည်မှာ, ယခုအခါ ထိုသို့သော ပညာရှင်များစွာ ရှိနေပြီး ၎င်းတို့ကို စုစည်းနိုင်ခဲ့လျှင် ဟုန်ယွီ၏ ကျော်ကြားမှုမှာ သဘာဝအတိုင်း မုန့်ရှန်းကျီကိုပင် ကျော်လွန်သွားလိမ့်မည်။

တွေးကြည့်ပါ... အကယ်၍, ဟုန်ယွီသာ ဖြောင့်မတ်ခြင်းလမ်းစဉ်၏ ခေါင်းဆောင်ဖြစ်လာ ပြီး တိုင်ရှန်တာအိုဂိုဏ်းကို မိစ္ဆာဂိုဏ်း၊ မုန့်ရှန်းကျီကို မိစ္ဆာအဖြစ် သတ်မှတ်လိုက်လျှင် ဤလောကရှိ လူတိုင်းက သူ့ကို အပြစ်ပေးရန် အခွင့်အရေး ရသွားမည်ဖြစ်သည်။ ၎င်းမှာ အလွန်ပင် ခန့်ညား ထည်ဝါသော ကိစ္စပင်။

သို့သော် ဤအတွေးများသည် ဟုန်ယွီ၏ စိတ်ထဲတွင် ခဏမျှသာ ဖြတ်ပြေးသွားခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည်

အင်အားကြီးသော ရန်သူများနှင့် ရင်ဆိုင် နေရသောကြောင့်ပင်။ ရှေ့တွင်ရှိသော ရန်သူများကို မဖယ်ရှားနိုင်လျှင် အရာအားလုံးမှာ အချည်းနှီးသာ ဖြစ်ပေလိမ့်မည်။

သို့သော်လည်း ရှဲ့ဝန်ယွမ်၏ စကားများက သူသည် ဟုန်ယွီနှင့် တစ်ဖက်တည်းဖြစ်ကြောင်း သက်သေပြလိုက်ပြီ ဖြစ်သည်။ သူသည် ဟုန်ယွီကို အသက်ပေး၍ ကာကွယ်ပေးမည် ဖြစ်ပြီး ရှေးဟောင်း ရာရှူမွန်ကို ရယူကာ အနောက်ဘက်ဒေသ စစ်တပ်ကို ပြိုကွဲစေမည် ဖြစ်သည်။

...

"ဟွန့်...၊ မင်းတို့ လူနည်းစုလေးနဲ့တော့ ဒီနေ့ လွတ်လမ်းမရှိဘူး ထင်တယ်နော်။"

အသံတစ်ခု ထွက်ပေါ်လာသည်။ ၎င်းမှာ ဟွာလျိုကျောင်း၏ အသောကပင် ဖြစ်သည်။ ဤကျောင်းသည် ရှေးခေတ် မဟာကျောင်းမိုရာ၏

သွေးမျိုးဆက်ကို ဆက်ခံထားသဖြင့် အလွန်ပင် အစွမ်းထက်လှသည်။

ရှေးဟောင်း အနောက်ဘက်ဒေသ ဟွာလျှိုနိုင်ငံမှ မဟာဇကေရာဇ် မိုရာသည် ရက်စက်ကြမ်းကြုတ်သော မိစ္ဆာနတ်ဘုရားတစ်ပါး ဖြစ်ပြီး၊ သူတော်စင်ဇကေရာဇ် 'ယွီ' ကို တိုက်ခိုက် ရန်စစ်တပ်ဦးဆောင်ခဲ့သူဖြစ်ကာ၊ အတိုင်းအဆမဲ့မှော်စွမ်းအားကို ပိုင်ဆိုင်ထားသူ ဖြစ်သည်။

ယခုအခါ အသောကသည် 'မူလသွေးဝိညာဉ်နတ်ဘုရား ကော်ဇောပုံ' ပေါ်တွင် ရပ်နေ သည်။ သူ၏တစ်ကိုယ်လုံးမှာ ထူးဆန်းသော ချပ်ဝတ်တန်ဆာတစ်ခုဖြင့် ဖုံးလွှမ်းထား သည်။ ထိုချပ်ဝတ်မှာ နက်မှောင်သော အနီရောင်ရှိကာ ဦးခေါင်းတွင်မူ ကောက်ကွေးနေ သော နွားချိုနှစ်ချောင်း ပါရှိသည်။

တစ်ချိန်တည်းမှာပင် သူ၏ လက်ထဲ၌ ဇရာမ

တူကြီးတစ်လက်ကို ကိုင်ထားသည်။ တူ၏ ထိပ်ပိုင်းမှာ ဆောင်းတွင်းဖရုံသီးကြီး တစ်လုံးကဲ့သို့ ကြီးမားလှပြီး၊ အနည်းဆုံး အလေးချိန် ပိဿာပေါင်း ထောင်ချီရှိလောက်သည်။

ဤချပ်ဝတ်မှာ ရှေးဟောင်း မဟာဧကရာဇ်မိုရာ၏ 'မိုရာမီးတိမ်ချပ်ဝတ်' ဖြစ်ပြီး လက်ထဲမှ တူမှာမူ 'မိုရာနတ်ဘုရားတူ' ဖြစ်သည်။ ဤချပ်ဝတ်သည် 'ကောင်းကင်နဂါးဘုရင် နတ်ဘုရားချပ်ဝတ်' နှင့် 'ကောင်းကင်အလင်းဦးချို နတ်ဘုရားချပ်ဝတ်' တို့လောက် မကောင်းသော်လည်း 'နှင်းဆီ သွေးအကြေးခွံချပ်ဝတ်'နှင့် 'အဝါရောင်ကောင်းကင် နတ်ဘုရားချပ်ဝတ်' တို့ထက် များစွာ သာလွန်ပေသည်။

ကြောက်မက်ဖွယ်ကောင်းသော ချပ်ဝတ်ကို ဝတ်ဆင်ကာ 'မိုရာနတ်ဘုရားတူ' ကို ကိုင်ထားသော ဧကရာဇ် အသောကသည် အင်ပါယာတစ်

ခု၏ အုပ်စိုးရှင်ပီပီ ရက်စက် ကြမ်းကြုတ်သော အရှိန်အဝါကို ထုတ်လွှတ်နေတော့သည်။

"ငါပါ ပါဝင်ရင်ကော ဘယ်လိုလဲ။"

ထိုအခိုက်တွင် ဝေးလံသော ကောင်းကင်ယံ၌ ကြည်လင်သော လမ်းကြောင်းတစ်ခု ပေါ်ထွက်လာပြီး ထိုလမ်းပေါ်တွင် အမျိုးသမီးတစ်ဦး၏ အရိပ် ပေါ်လာသည်။ ထိုအမျိုးသမီး၏ ခေါင်းပေါ်တွင် ကောက်ကွေးနေပြီး သွေးပုလဲကဲ့သို့သော နဂါးဦးချို နှစ်ချောင်း ရှိသည်။ သူမကား ယွန်မင်နိုင်ငံ၊ ကောင်းကင်နဂါးဂိုဏ်းချုပ်၊ နဂါးသမီးတော် အောင်းလွှမ်ပင် ဖြစ်သည်။

"ကောင်းကင်နဂါးဂိုဏ်းချုပ်" ယွန်မင်ဧကရာဇ် နာလန်ယိဟုန်သည် ပို၍ မျက်မှောင် ကြုတ်သွားသည်။ "မင်းရဲ့တပည့်တွေ အများကြီးဟာ ငါ့အင်ပါယာမှာ ဘွဲ့ထူးရာထူးတွေနဲ့ ခံစားနေကြတာလေ။ နတ်ဘုရားမြို့စားကိုတောင် ငါ စစ်တပ်ကို

ဦးဆောင်ခွင့် ပေးထား တာ။ မင်းက ငါ့ကို သစ္စာဖောက်ရဲတယ်ပေါ့လေ။"

"ကျွန်မက ယွန်မင်ဇကေရာဇ်ရဲ့ လက်အောက်ခံ မဟုတ်ဘူး။ ကျွန်မကို သစ္စာဖောက်တယ် လို့ ဘယ်လိုလုပ် ပြောနိုင်မှာလဲ။" နဂါးသမီးတော် အောင်းလွမ်က နာလန်ယိဟုန်ကို ကြည့်ကာ ဆို လိုက်သည် "နာလန်ယိဟုန်… ရှင်လည်း ထက်မြက်ပြီး ရည်မှန်းချက်ကြီးတဲ့ လူဖြစ်ပုံပဲ။ ရှင်က ဧကရာဇ် ယန်ဖန်ဆီကို အတုယူပြီး လွင်ပြင်ဒေသမှာရှိတဲ့ တာအို ဂိုဏ်းအားလုံးကို အင်ပါယာအာဏာအောက် သွင်းချင်တာပေါ့။ ကျွန်မက ရှေးဦးခေတ်က နတ်ဘုရားနဂါးမျိုး နွယ်ရဲ့ သွေးမျိုးဆက်ပဲ။ ရှင်က ကျွန်မကို အညံ့ခံ စေချင်တာလား။ ဒါပေမဲ့ ရှင့်မှာ မတူညီတဲ့ ရည်မှန်းချက်တွေ ရှိနေတာကို ကျွန်မ သိထား ပြီးသားပါ။ ရှင်က ကျွန်မကိုတောင်

ကိုယ်လုပ်တော်အဖြစ် သိမ်းပိုက်ဖို့ အကြံရှိဖူး တယ်ဆိုပဲ။ ရှင်က တကယ် ကို မောက်မာလွန်း တယ်။ ရှင့်ကိုယ်ရှင် အမှောင်ဧကရာဇ် ဒါမှ မဟုတ် ရွှမ်ထျန်းတာအိုသခင် 'ရွှမ်' လို့ ထင်နေ တာလား။"

ရှေးဦးခေတ်က ရွှမ်ထျန်းတာအိုသခင်၏ အမည်မှာ 'ရွှမ်' ဖြစ်ပြီး၊ 'ယွမ်'၏ အဓိက ရန်သူ ဖြစ်သည်။ သူတို့နှစ်ဦးလုံးမှာ ယန်စိတ်ဝိညာဉ် အဆင့် ပညာရှင်များ ဖြစ်ကြသော်လည်း 'ရွှမ်' မှာမူ သူတော်စင်ဧကရာဇ် မဖြစ်ခဲ့ဖူးပေ။

အမှောင်ဧကရာဇ် တာအိုသခင်သည် 'ရွှမ်' ၏ အမွေအနှစ်ကို ရရှိခဲ့ပြီး 'ဆန်းကြယ် ကောင်းကင်ဘုံခန်းမ' ကို တည်ထောင်ခဲ့ခြင်း ဖြစ်သည်။

'ဧကရာဇ် ယန်ဖန်ဟာ တကယ်ကို အစွမ်းထက် ပဲ။ တော်ဝင်ချန်ရဲ့ အလယ်ပိုင်းဒေသက တာအို

ဂိုဏ်းတွေဟာ ဘယ်လောက်ပဲ အစွမ်းထက်ပါစေ သူ့ကိုမြင်ရင် ကြောက်လို့ ခေါင်းငုံ့ကြ ရတယ်။ သူ့ပတ်ဝန်းကျင်က အင်ပါယာတွေရဲ့ ကြောက်စရာတွေကတော့ သူ့ထက် အများကြီး နိမ့်ကျနေတာပဲ။' နဂါးသမီးတော် အောင်းလွမ်၏ စကားကို ကြားသောအခါ ဟုန်ယွိသည် စိတ်ထဲမှ ရေရွတ်မိသည်။

"ကောင်းပြီ... ကောင်းပြီ... ကောင်းပြီ... ကောင်းကင်နဂါးဂိုဏ်းချုပ်။ နောက်မှ ခင်ဗျားကျုပ်ကို ရက်စက်တယ်ဆိုပြီး အပြစ်မတင်နဲ့..." နာလန်ယိဟုန်၏ မျက်နှာမှာ အမူအရာပြောင်းလဲခြင်း မရှိဘဲ 'ကောင်းပြီ' ဟု သုံးကြိမ်သာ ဆိုလိုက်သည်။

"ဟုန်ယွိ... ငါ ဒီဂေဒါမြို့မှာ ပုန်းနေတာ သုံးရက်ရှိပြီ။ မူလကတော့ မင်း အဆင့်ခြောက်မိုးကြိုးကပ်ဘေးကို ကျော်ဖြတ်ပြီးမှ ရှေးဟောင်း

ရာရှိမွန်တံခါးကို လာလုလိမ့်မယ်လို့ ထင်ထားတာ။ မင်း ဒီလောက်အစောကြီး ရောက်လာမယ်လို့ မထင်ထားဘူး။ ခုနက မြို့ထဲမှာ ပြင်းထန်တဲ့ မော်စွမ်းအား တုန်ခါမှုကြီးကို ခံစားလိုက်ရလို့ ချက်ချင်း ပျံလာခဲ့တာ။ တကယ်ပဲ မင်း ဖြစ်နေတာပဲ။"

နဂါးသမီးတော် အောင်းလွမ်က ပျံသန်းလာပြီး ဟုန်ယွီကို ကြည့်လိုက်သည်။

အနောက်ဘက်ဒေသ ဟွာလျိုနိုင်ငံ၏ မြို့တော်ကို 'ဂေဒါမြို့' ဟု ခေါ်ပြီး ၎င်းမှာ 'နတ်ဘုရားပေးသော လက်ဆောင်' ဟု အဓိပ္ပာယ်ရသည်။ ၎င်းမှာ ကျောက်စိမ်းမြို့တော် နှင့် ကျယ်ဝန်းသည့် ပမာဏ တူညီသလို ပို၍ပင် ကြီးမားနိုင်သည်။ မြို့အတွင်း၌ မြို့များစွာ ရှိနေပြီး အားလုံး ဆက်သွယ်ထားကြသည်။

ဟုန်ယွီသည် နန်းတော်အတွင်း၌ ကြီးမားသော

လုပ်ခတ်မှုကို ဖန်တီးခဲ့သဖြင့် မြို့ထဲတွင် ပုန်းအောင်းနေကြသော ယွမ်ရှန်းရှန်း၊ ရှဲ့ဝန်ယွမ်နှင့် နဂါးသမီးတော် အောင်းလွမ်တို့ကို နိုးဆော်လိုက်သလို ဖြစ်သွားခဲ့သည်။

ထိုသူများသည် ဟုန်ယွိနောက်သို့ တကောက်ကောက် လိုက်နေကြခြင်း မဟုတ်ပေ။

"ကြည့်ရတာ ငါ့ရဲ့ သတင်းကွန်ယက်က လိုအပ်ချက်တွေ ရှိနေသေးတယ်ပဲ။ အရေးကြီးတဲ့ လူတွေအများကြီး မြို့ထဲမှာ ပုန်းနေတာကို ငါ မသိခဲ့ဘူး။" ပညာရှင်တွေ တစ်ဦးပြီးတစ်ဦး ထွက်လာသည်ကို မြင်သောအခါ ဟွာလျို့ ဧကရာဇ် အသောက၏ မျက်နှာမှာ အလွန်ပင် အကျည်းတန်သွားတော့သည်။ ဦးစွာ ကျိရှန်းထျန်း၊ ထို့နောက် ယွမ်ရှန်းရှန်း၊ ရှဲ့ဝန်ယွမ်နှင့် ယခု နဂါးသမီးတော် အောင်းလွမ်တို့သည် တစ်ယောက်ပြီးတစ်ယောက် ထွက်ပေါ်လာကြ

သည်။

ယခုမူ ဟုန်ယွိကို ဝိုင်းရံထားသည့် အင်အားစု များအကြား ခြားနားချက်မှာ တဖြည်းဖြည်း ကျဉ်းမြောင်းသွားခဲ့ပြီ။ အမှန်စင်စစ် ဟုန်ယွိ၏ ဘက်မှပင် အသာစီး ရနေသလို ဖြစ်နေ သည်။

ကျိုရှန်းထျန်းသည် ငရဲနတ်ဘုရားကို ဝါးမျိုပြီး နောက် သူမ၏ ခန္ဓာကိုယ်မှ ထုတ်လွှတ်နေ သော မှော်စွမ်းအားမှာ ချောက်နက်ကြီးသဖွယ် အမှန်ပင် နက်ရှိုင်းပြီး အတိုင်းအတာ မသိနိုင် ပေ။ ယွမ်ရှန်းရှန်း၏ တာအိုပညာမှာမူ လွန်ခဲ့သော နှစ်ပေါင်းသုံးရာကပင် ကျော်ကြားခဲ့ သူ ဖြစ်ပြီး သူမသည် မုန့်ရှန်းကျီနှင့် မျိုးဆက် တစ်ခုတည်း ဖြစ်သည်။ ရှုံ့ဝန်ယွမ်မှာလည်း ခန့်မှန်းရခက်လှသလို နဂါးသမီးတော် အောင်း လွမ်၏ စွမ်းအားမှာ လည်း ပြောစရာ မလိုပေ။ သူမတွင် ရှေးဟောင်း နတ်ဘုရားနဂါးမျိုးနွယ်၏

သွေးပါရှိသည်။

ဟုန်ယွိ၏ နတ်ဘုရားစွမ်းရည်များနှင့် ချီလင်ကိုပါ ထည့်တွက်မည်ဆိုလျှင် အကယ်၍ တိုက်ပွဲဖြစ်ပွားပါက မည်သူနိုင်မည်ကို ပြောရန် ခက်ခဲလှသည်။ အထူးသဖြင့် 'အနှစ်သာရ နတ်ဘုရားကျောင်း' ဘက်မှာ စည်းလုံးမှု မရှိကြပေ။ ဧကရာဇ် တစ်ဦးချင်းစီတွင် ကိုယ်ပိုင် အတွေးစများ ရှိနေကြပြီး အကယ်၍ တိုက်ပွဲအတွင်း တစ်ဖက်က ဒဏ်ရာရသွားပါက ကျန်တစ်ဖက်က အခွင့်ကောင်းယူ တိုက်ခိုက်မည်ကို စိုးရိမ်နေကြသည်။

ဟုန်ယွိ၏ ဘက်မှာမူ စည်းလုံးမှု မရှိခြင်းဟူ၍ မရှိပေ။ ဟုန်ယွိသည် သူ၏ မဟာမိတ်များကို မည်သည့်အခါမျှ သစ္စာဖောက်မည့်သူ မဟုတ်ပေ။ သူ၏ တည်ရှိမှုမှာ လူတိုင်းကို လုံခြုံမှု ပေးနိုင်သည့် ခိုင်မာသော တိုင်တစ်လုံးကဲ့သို့ပင်

ဖြစ်သည်။

ထိုအခိုက်တွင် လူတိုင်းမှာ အခြေအနေ၏ နက်နဲမှုကို သတိပြုမိကြပြီး လေထဲတွင် ငြိမ်သက်စွာ ပျံသန်းနေကြသည်။ ဤသည်မှာ ပြိုင်ဘက်ကင်း ပညာရှင်များ၏ စုဝေးမှုပင် ဖြစ်သည်။

...

ဂူး... ဂူး... ဂူး... ဂူး...

အနောက်ဘက်ဒေသ၏ ညဦးယံလေပြေမှာ အလွန်ပင် အေးစက်လှသည်။ လေထဲတွင် ရှိနေသော ပညာရှင်များမှာ တစ်နာရီခန့်အထိ မည်သူမျှ အလျင်စလို မလှုပ်ရှားရဲကြပေ။

ဒုန်း...၊ ဒုန်း...၊ ဒုန်း....၊

ထိုအခိုက်တွင် ဟုန်ယွိသည် 'အလင်းနှင့်အမှောင် နယ်မြေ' အတွင်းရှိ ရှေးဟောင်း ရာရှိုမွန်မှာ ပြင်းထန်စွာ တုန်ခါလာပြီး အလွန်တရာ

လေးလံသော ဖိအားများကို ပြန်လည် ထုတ်လွှတ်လာသည်ကို ခံစားလိုက်ရ၏။ သူ၏အတွေးစများမှာ တောင်ကြီးတစ်လုံးဖြင့် ဖိနှိပ်ခံထားရသကဲ့သို့ ခံစားလိုက်ရသည်။

ကြီးမားသော ဖိအားမှာ သူ၏ စိတ်ဝိညာဉ်တစ်ခုလုံးသို့ ပျံ့နှံ့သွားတော့သည်။

"ခင်ဗျားတို့ သူ့ကို မသတ်ရဲရင် ကျုပ်ကပဲ အရင်စလိုက်မယ်။"

ရုတ်တရက် ဟင်းလင်းပြင်အတွင်းမှ အေးစက်သော အသံတစ်သံ ထွက်ပေါ်လာသည်။ ထို့နောက် ဟင်းလင်းပြင်မှာ အက်ကွဲသွားပြီး အဆုံးမရှိသော ရွှေရောင် 'ဓားစွမ်းအင်' များ အရှိန်အဟုန်ဖြင့် စီးဆင်းလာတော့သည်။

ထိုဓားစွမ်းအားများမှာ သမုဒ္ဒရာလှိုင်းလုံးများကဲ့သို့ တဟုန်ထိုး လှိမ့်တက်လာသည်။

ထိုထက်မြက်လှသော ဓားစွမ်းအင်များ

ခန္ဓာကိုယ်သို့ မထိမှန်ခင်မှာပင် လူတိုင်းသည် သူ တို့၏ စိတ်ဝိညာဉ်နှင့် အတွေးစများ ဆွဲဖြဲ သတ်ဖြတ်ခံရသကဲ့သို့ ခံစားလိုက်ရသည်။

ထို့အပြင် ထိုရွှေရောင်ဓားစွမ်းအင်များထဲတွင် အလွန်တရာ အစွမ်းထက်လှသော ရှေးခေတ် သူတော်စင်ဇကေရာဇ်တို့၏ နတ်ဘုရားတန်ခိုး စွမ်းအားများ ပါဝင်သည်။ ၎င်းမှာ မည်သည့် နတ်ဘုရားလက်နက်ကိုမဆို သာလွန်ပေသည်။ 'ကောင်းကင်နဂါးဘုရင် နတ်ဘုရားချုပ်ဝတ်' ပင် လျှင် မမီနိုင်ပေ။

ဝုန်း....

ဓားစွမ်းအင်များသည် ကောင်းကင်နှင့် မြေပြင် ကို ဖုံးလွှမ်းသွားခဲ့ရာ ကောင်းကင်မှ နဂါးငွေ့ တန်း ကြယ်စုကြီး ပြိုကျလာသကဲ့သို့ပင်။ အရည်ကျိုထားသော ရွှေရည်များကဲ့သို့ လေးလံ လှသော ပြဒါးရေများသည် အရှိန်အဟုန်ဖြင့် စီး

ဆင်းလာသည်။

ဤလောကတွင် ဤမျှ ခန့်ညားထည်ဝါသော အစွမ်းကို ပိုင်ဆိုင်ထားသည့် နတ်ဘုရားများ မှာ တစ်လက်တည်းသာ ရှိသည်။ ၎င်းကား ဖန်ဟွမ် အသက်ဝိညာဉ်များပင် ဖြစ်သည်။

...

"ချန်ပီယံမြို့စား ယန်အန်း။"

ဟုန်ယွိ၏ နှလုံးမှာ တုန်သွားခဲ့သည်။ သူသည် 'ကောင်းကင်အလင်းဦးချို နတ်ဘုရား ချပ်ဝတ်' ၏ စွမ်းအားကို ချက်ချင်း အသက်သွင်းလိုက်ရာ ဟင်းလင်းပြင်ထဲတွင် ဝိုးတဝါး ပုံရိပ်တစ်ခုကို သူ မြင်လိုက်ရ၏။ ၎င်းပုံရိပ်မှာ ဟင်းလင်းပြင်ကို ဖောက်ထွက်လာသည့် သန့်စင်သော စိတ်ဝိညာဉ်တစ်ခုပင် ဖြစ်သည်။

ချန်ပီယံမြို့စား၏ စိတ်ဝိညာဉ်သည်လည်း ဟင်းလင်းပြင်ကို ဖောက်ထွက်နိုင်နေပြီ

ဖြစ်သည်။ သို့သော် သူသည် အဆင့်ခြောက် မိုးကြိုးကပ်ဘေး ပညာရှင်တစ်ဦး မဟုတ်ဘဲ အဆင့် (၄) မိုးကြိုးကပ်ဘေး ပညာရှင်သာ ဖြစ်သည်။ သို့သော် ဟုန်ယွိကဲ့သို့ပင် သူသည် ဟင်းလင်းပြင် စွမ်းအားအချို့နှင့် ပေါင်းစပ်ထားသည်။

သူသည် ဖန်ဆင်းခြင်းဘူးသီး၏ ဟင်းလင်းပြင်စွမ်းအားနှင့် ပေါင်းစပ်ထားခြင်း ဖြစ်သည်။ ၎င်းမှာ 'စကြာဝဠာအိတ်' လောက် မသန်မာသော်လည်း ဟင်းလင်းပြင်ကို ဖောက်ထွက်ရန် လုံလောက်ပေသည်။

ချန်ပီယံမြို့စား၏ စိတ်ဝိညာဉ်နှင့် ခန္ဓာကိုယ်မှာ အမှန်တကယ်ပင် ကွဲကွာသွားခဲ့ပြီး သူသည် တာအိုပညာကို ကျင့်ကြံထားသည်။ ထို့အပြင် သူသည် ဖန်ဟွမ်အသက်ဝိညာဉ်များ ကို လုံးဝ ထိန်းချုပ်နိုင်သွားပုံရသည်။ အဘယ်ကြောင့်ဆို

သော် ဟုန်ယွိသည် ထိုဓားဓ၏ နတ်ဘုရား အသိစိတ်မှာ လုံး၀ ပျောက်ကွယ်သွားကြောင်း ခံစားလိုက်ရသောကြောင့်ပင်။ ဤနတ်ဘုရား လက်နက်ကို ကိုင်ဆောင်သူသည် 'ဖြောင့်မတ်ခြင်း'၊ 'သတ္တိ'၊ 'ကရုဏာ' နှင့် 'ဉာဏ်ပညာ' ဟူသော မင်္ဂလာတရားလေးပါးကို လိုက်နာရန် မလိုတော့ပေ။

အဘယ်ကြောင့်ဆိုသော် ထိုဓားပေါ်ရှိ အသိစိတ်မှာ အစွမ်းထက်သော ပုဂ္ဂိုလ်တစ်ဦး၏ ဖျက်ဆီးခြင်းကို ခံလိုက်ရသောကြောင့်ပင်။

'ဒါဆိုရင်... ဒါဆိုရင်... မူလဝိညာဉ်နတ်ဘုရားနဲ့ မုန့်ရှန်းကျီတို့ ပူးပေါင်းနေတယ်ဆိုတာ အမှန်ပဲ ပေါ့။ ဟုတ်သားပဲ၊ ငါ အစကတည်းက သိထားသင့်တာ။ ချန်ပီယံမြို့စား ယန်အန်းရဲ့ စိတ်ဝိညာဉ်နဲ့ ခန္ဓာကိုယ် ကွဲကွာသွားတာနဲ့ ဒီနတ်ဘုရားဓားကြီးက နိုးထလာမှာပဲ။ မူလဝိညာဉ်

နတ်ဘုရားနဲ့ မုန့်ရှန်းကျီတို့ပဲ ဒီနတ်ဘုရားဓား ကြီးကို ခြိမ်းခြောက်နိုင်ပြီး၊ ဓားပေါ်က စိတ် ဝိညာဉ် အသိစိတ်ကို အတင်းအဓမ္မ ဖျက်ဆီးပစ် နိုင်မှာ။ ရှေးဟောင်း နတ်ဘုရားဓားကြီး၏ စိတ် ဝိညာဉ် အသိစိတ်ကို ဒီလိုမျိုး သန့်စင်ပစ်နိုင်တာ လား။ တိုင်ရှန် တာအိုဂိုဏ်းက တကယ်ကို အစွမ်းထက်တာပဲ။ ဒါပေမဲ့ မုန့်ရှန်းကျီလည်း ဒဏ်ရာရသွားမှာ သေချာတယ်။'

"သွားကြစို့။"

ကောင်းကင်အနှံ့ ဖုံးလွှမ်းသွားသော ဓား အလင်းများ လင်းလက်သွားသည်နှင့် ဟုန်ယွိက အော်ပြောလိုက်သည်။ ရုတ်တရက် သူ၏ စိတ် ဝိညာဉ်ထဲမှ မရေတွက်နိုင်သော 'တောက်ပ သော နယ်မြေ'များ ထွက်ပေါ်လာပြီး ယွမ်ရှန်းရှ န်းနှင့် အခြားသူများကို လွှမ်းခြုံလိုက် သည်။ ထို့နောက် သူတို့သည် ကောင်းကင်ယံသို့ ပျံ

တက်သွားကြတော့သည်။

မည်သူမျှ သူတို့ကို မတားဆီးကြပေ။

အဘယ်ကြောင့်ဆိုသော် ထိုနေရာရှိ လူတိုင်းမှာ နောက်ဆုတ်ပေးလိုက်ရသောကြောင့် ဖြစ်သည်။

စွမ်းအားအပြည့် ထုတ်လွှတ်လိုက်သော ဖန်ဟွမ်အသက်ဝိညာဉ်ဓားမှာ ကြောက်မက်ဖွယ်ကောင်းလောက်အောင် အစွမ်းထက်ပြီး မိုးကြိုးကပ်ဘေး ခုနစ်ကြိမ် ကျော်ဖြတ်ထားသည့် 'ဖန်ဆင်းရှင်' ကိုပင် ဒဏ်ရာရစေနိုင်သည်။

အကယ်၍ ဟုန်ယွိသာ ရှေးဟောင်း ရာရှူမွန်ကို ဖိနှိပ်ထားရန် မလိုဘဲ လွတ်လွတ်လပ်လပ် တိုက်ခိုက်နိုင်မည်ဆိုလျှင် ဖန်ဟွမ်အသက်ဝိညာဉ်ဓား စွမ်းအားအပြည့် ထုတ်လွှတ်လျှင်ပင် သူ ပြန်လည် တိုက်ခိုက်နိုင်ပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ဤနတ်ဘုရားဓားမှာ ယန်နတ်ဘုရားတစ်ပါး၏ ဓားသာ ဖြစ်ပြီး အစစ်

မှန် ယန်နတ်ဘုရားတစ်ပါး မဟုတ်သော ကြောင့်ပင်။

ခားဧ၏ စွမ်းအားမှာ အလွန်ဆုံး အဆင့်ခြောက် မိုးကြိုးကပ်ဘေး ပညာရှင်တစ်ဦးက သူ၏ အတွေးစအားလုံးကို လောင်ကျွမ်းစေပြီး တိုက်ခိုက်လာသည့် အစွမ်းနှင့်သာ ညီမျှသည်။

တစ်နည်းအားဖြင့် ဖန်ဟွမ်အသက်ဝိညာဉ် ခားဧ၏ စွမ်းအားအပြည့်မှာ ကျိုးထိုက်ကျူက သူ့ စိတ်ဝိညာဉ်ကို လောင်ကျွမ်းစေပြီး 'အစွန်းရောက် ဧကရာဇ်၏ ပြောင်းပြန်လှန် ခြင်း' ပညာကို အသုံးပြုခြင်းနှင့် တူညီပေသည်။

အဆင့်ခုနစ် မိုးကြိုးကပ်ဘေးရှင် 'ဖန်ဆင်းရှင်' များအတွက် အတားအဆီးတစ်ခု ဖြစ်သည်။ ယန်နတ်ဘုရားတစ်ပါးပင်လျှင် သာမန်လူတစ် ဦးကို အဆင့်ခုနှစ် မိုးကြိုးကပ်ဘေး ပညာရှင် အဖြစ် မပြောင်းလဲနိုင်ပေ။

ယန်နတ်ဘုရား လေးငါးယောက် ပူးပေါင်းလျှင်ပင် မဖြစ်နိုင်ပေ။

ဟုန်ယွိသည် ရွှေပင့်ကူကို တစ္ဆေအင်မော်တယ် ဖြစ်အောင် မလုပ်ပေးနိုင်သကဲ့သို့ပင်။ သူတို့ကိုယ်တိုင် နားလည်သဘောပေါက်ရန် လိုအပ်သည်။

သို့သော်လည်း ဖန်ဟွမ်အသက်ဝိညာဉ်ဓားဏ်စွမ်းအားမှာ အလွန်ပင် ကြောက်မက်ဖွယ် ကောင်းလှသည်။ ‘ဖန်ဆင်းရှင်’ တစ်ဦးကိုပင် ဒဏ်ရာရစေရန်မှာ မဖြစ်နိုင်ခြင်း မဟုတ်ပေ။

ဟုန်ယွိသည် ရှေးဟောင်း ရာရှိမွန်ကို ဖိနှိပ်ထားရသည်ဖြစ်ရာ ယခုအခါ ရှောင်တိမ်းရန်သာ တတ်နိုင်တော့သည်။

လူအားလုံးကို သိမ်းဆည်းပြီးနောက် ဟုန်ယွိသည် ဟင်းလင်းပြင်ကို ဖောက်ထွက်ကာ ပျံသန်း ထွက်ခွာသွားတော့သည်။

***